ပုံစံ(နသ-၂)

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ် မနသ – ၃၀၂/၂၀၀၀ ၂၀၀၀ ပြည့်နှစ် မေ လ ၁၁ ရက်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၀ အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်။

(က) ရင်းနှီးမြှုပ်နှံသူ၏အမည် ဦးကျော်ဝင်း

(ခ) အဘအမည် ဦးအောင်ညို

(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ် ၁၂/တမန(နိုင်)၀၀၉၆၁၁

(ဃ) နေရပ်လိပ်စာ အမှတ်၊ ၂၃၊ ခေမာသီ(၁)လမ်း၊ မိကျောင်းကန် အပိုင်း(၃)၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

(င) ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့် အဖွဲ့အစည်း အမျိုးသားသစ်အချောထည် စက်မှုလီမိတက် (National Wood Industry Ltd)

(စ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစား သစ်အခြောက်ခံစက်မှုလုပ်ငန်း (သစ်အချောထည်များ ထုတ်လုပ်ဖြန့်ဖြူးခြင်း)

(ဆ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အရပ်ဒေသ(များ) မန္တလေးတိုင်း၊ ပျဉ်းမနားမြို့နယ်၊ ရွှေကျောက်ရပ်ကွက်၊ ၄ ဝါလမ်းနှင့်နှင်းဆီလမ်းကြား၊ ၂၆ လမ်းနှင့် ၂၇ လမ်းကြား အကွက်အမှတ်နှင့်အမည် – ၃၂/ပေါင်းလောင်း(..)ဦးပိုင်အမှတ်(၂၂၂၂၊ ၂၂၂၃၊ ၂၂၂၄၊ ၂၂၂၅၊ ၂၂၂၆၊ ၂၂၂၇၊ ၂၂၂၈၊ ၂၂၂၉၊ ၂၂၃၀၊ ၂၂၃၁)

(ဇ) မတည်ငွေရင်းပမာဏ(ကျပ်) (၅၂.၂၀)သန်း (ငါးဆယ့်နှစ်သန်းနှစ်သိန်းတိတိ)

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
အမိန့် ကြော်ငြာစာအမှတ်၊ ၃၀၂/၂၀၀၀ (မနသ)
ရန်ကုန်မြို့၊ ၁၃၆၂ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်။
(၂၀၀၀ ပြည့်နှစ်၊ မေလ ၁၂ ရက်)

၁။ မြန်မာ ကုမ္ပဏီ ဖြစ်သော အမျိုးသား သစ်အချောထည် စက်မှု လီမိတက် (National Wood Industry Ltd.) တည်ထောင်၍ ကမကထပြုသူ ဦးကျော်ဝင်း အမည်ဖြင့် စီးပွားဖြစ် လုပ်ကိုင်ရန်ချပေးထားသော မန္တလေးတိုင်း၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ ၂၆ လမ်း နှင့် ၂၇ လမ်းကြား၊ ၄၀လမ်း နှင့် နှင်းဆီလမ်းကြား၊ ပေါင်းလောင်း (၂)၊ အကွက် အမှတ်-၃၂၊ မြေကွက် အမှတ် (၂၂၂၂၊ ၂၂၂၃၊ ၂၂၂၄၊ ၂၂၂၅၊ ၂၂၂၆၊ ၂၂၂၇၊ ၂၂၂၈၊ ၂၂၂၉၊ ၂၂၃၀၊ ၂၂၃၁)ရှိ ရမည်းသင်းခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနပိုင် မြေ(၀.၉၉)ဧက (၄၀၀၆.၃၉ စတုရန်းမီတာ)ပေါ်တွင် သစ်အခြေခံစက်မှုလုပ်ငန်း (သစ်အချောထည်များထုတ်လုပ်ဖြန့်ဖြူးခြင်း)ကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြချက်အား (၁၁-၂-၂၀၀၀)နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄/၂၀၀၀)ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။ ကော်မရှင်မှ မူအားဖြင့် သဘောတူညီခဲ့ပြီး (၃၁-၃-၂၀၀၀)နေ့တွင် ကျင်းပသော ကုန်သွယ်မှုမူဝါဒကောင်စီ၏ (၅/၂၀၀၀)ကြိမ်မြောက် အစည်းအဝေးသို့ ဆက်လက်တင်ပြခဲ့ပါသည်။ အဆိုပါ အစည်းအဝေး သဘောတူညီချက်အရ (၂၇-၄-၂၀၀၀) နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ (၁၅/၂၀၀၀)ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ အစည်းအဝေးမှ သဘောတူကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း (၅)၊ ပုဒ်မ ၁၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် အမျိုးသားသစ် အချောထည် စက်မှုလီမိတက် (National Wood Industry Ltd.) အား သစ်အခြေခံ စက်မှုလုပ်ငန်း (သစ်အချောထည်များ ထုတ်လုပ်ဖြန့်ဖြူးခြင်း) ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုမိန့် အမှတ်၊ မနသ-၃၈၂/၂၀၀၀ ကို ထုတ်ပေးလိုက်သည်။

၂။ အမျိုးသား သစ်အချောထည် စက်မှု လီမိတက် (National Wood Industry Ltd.)အနေဖြင့် ဤခွင့်ပြုမိန့် အရ ထုတ်လုပ်မှု လုပ်ငန်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း(၇)၊ ပုဒ်မ ၁၂ အရ ကုန်ထုတ်လုပ်မှု လုပ်ငန်းစတင်သော နှစ်အပါအဝင် တစ်ဆက်တည်း (၃)နှစ်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်နှင့် ဥပဒေ ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အောက်ဖော်ပြပါ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုနိုင်ရန် ဤအမိန့် ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

(က) ဥပဒေပုဒ်မ ၁၃(က)အရ လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်သော နိုင်ငံခြားငွေ ပမာဏအပေါ် မူတည်၍ ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန်အတွက် ကနဦး ရင်းနှီးမြှုပ်နှံမှု ကာလအတွင်း နိုင်ငံခြားငွေဖြင့် ရင်းနှီးမြှုပ်နှံသည့်ပမာဏကို ဖော်ပြလျက် လုပ်ငန်းအကောင်အထည်ဖော်မှု အခြေအနေပေါ် မူတည်၍ ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ခ) ဥပဒေပုဒ်မ ၁၃(ခ)အရ လုပ်ငန်းက နိုင်ငံခြားသို့ တင်ပို့ရောင်းချခြင်းမှ နိုင်ငံခြားငွေဖြင့် ရရှိသည့် အမြတ်ငွေအပေါ်တွင် (၅၀)ရာခိုင်နှုန်းအထိ ကာလအကန့်အသတ်ဖြင့် ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့် (၃) နှစ်ခံစားပြီးနောက် လုပ်ငန်း၏ အမှန်တကယ် အကောင်အထည်ဖော်နိုင်မှုအခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့တင်ပြလျှောက်ထားရမည်။

(ဂ) ဥပဒေပုဒ်မ ၁၃(ဂ)အရ ထုတ်လုပ်မှု လုပ်ငန်းကြောင့် သတ်မှတ်သည့် နှုန်းအထိ ပြည်တွင်းပြည်ပဝင်ငွေတိုးတက်မှု ရှိပါက သတ်မှတ်ချက်နှင့် အညီ ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန်

အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးပြီးသည့်အခါလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြ လျှောက်ထားရမည်။

(ဃ) ဥပဒေပုဒ်မ ၁၃(စ)အရ လုပ်ငန်းမှ ရရှိသည့် အမြတ်ငွေကို သီးသန့် ရန်ပုံငွေထား၍ တစ်နှစ်အတွင်း လုပ်ငန်း၌ ပြန်လည် ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ်တွင် ဝင်ငွေခွန် ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့်ခံစားနိုင်ရန်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်ကာလကုန်ဆုံးပြီး၍ အမှန်တကယ်ပြန်လည် ရင်းနှီးမြှုပ်နှံမှုပြုသည့်အခါလုပ်ငန်း အမှန်တကယ် အကောင်အထည်ဖော်နိုင်မှု အခြေအနေကိုဖော်ပြလျက် ဤကော်မရှင်သို့တင်ပြလျှောက်ထားရမည်။

(င) ဥပဒေပုဒ်မ ၁၃(ဆ)အရ လုပ်ငန်းသုံး မတည်ပစ္စည်းများအပေါ် တန်ဖိုးလျော့ငွေကို သတ်မှတ်သည့်နှုန်းအတိုင်း နှစ်တိုတို နှင့် မူလတန်ဖိုး ပြည့်မီသည်အထိ အမြတ်ငွေမှ နုတ်ပယ်ခွင့်နှင့် စပ်လျဉ်း၍ ယင်းတန်ဖိုးလျော့ နှုန်းထားများကို ဤကော်မရှင်သို့ တင်ပြ လျှောက်ထားရမည်။

(စ) ဥပဒေပုဒ်မ ၁၃(ဇ)အရ ကနဦး ရင်းနှီးမြှုပ်နှံမှု ကာလအတွင်း ပြည်တွင်း၌ မရရှိနိုင်သည့် အမှန်တကယ် လိုအပ်၍ ပြည်ပမှတင်သွင်းသော စက်ပစ္စည်း၊ စက်အရန်ပစ္စည်း၊ စက်ကိရိယာ အစိတ်အပိုင်း၊ လုပ်ငန်းသုံး ပစ္စည်းများအပေါ် အကောက်ခွန် နှင့် အခြားပြည်တွင်း အခွန်အကောက်များကို ကင်းလွတ်ခွင့်ပြုသည်။

(ဆ) ဥပဒေပုဒ်မ ၁၃(ဈ)အရ သတ်မှတ်ထားသည့် ကနဦး ရင်းနှီးမြှုပ်နှံမှု ကာလကုန်ဆုံး၍ ပထမ (၃)နှစ်အတွက် ကုန်ထုတ်လုပ်ရန် ပြည်ပမှ တင်သွင်းသည့် လုပ်ငန်းသုံး ပစ္စည်းများအပေါ်တွင် အကောက်ခွန်နှင့် အခြားပြည်တွင်း အခွန်အကောက်များကို ကင်းလွတ်ခွင့် ပြုသည်။

(ဇ) ဥပဒေပုဒ်မ ၁၃(ည)အရ ထုတ်လုပ်မည့် ကုန်ပစ္စည်းများကို ပြည်ပသို့ တင်ပို့ရောင်းချမှုအပေါ် ကုန်သွယ် လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုသည်။

၃။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၃(ဇ) နှင့် (ဈ) အရ ပြည်ပမှ တင်သွင်းသည့် စက်ပစ္စည်းများ၊ စက်အရန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(က) ပြည်ပမှ တင်သွင်းမည့် ပစ္စည်းများအတွက် နိုင်ငံခြားငွေ ရရှိပုံနည်းလမ်း (Source of Payments for Import) ဥပမာ – ပြည်ပတင်ပို့မှုမှ ဝင်ငွေ၊ ပြည်တွင်း၊ ပြည်ပချေးငွေ (Loan and Credits)၊ ကုန်ပစ္စည်း ပြန်လည် ဝယ်ယူသည့်စံနစ် (Buy-back System)၊ ရွှေ့ဆိုင်းငွေပေးချေစနစ် (Deferred Payment System)စသည်တို့ကို ဖော်ပြရန်။

(ခ) တင်သွင်းမည့် ပစ္စည်းအမျိုးအစား၊ အရည်အသွေး၊ စံချိန်စံညွှန်းများ၊ ဈေးနှုန်းများ သင့်မြတ်မှု စသည်တို့နှင့် စပ်လျဉ်း၍ နိုင်ငံတကာ အသိအမှတ်ပြုထားသည့် စစ်ဆေးရေးကိုယ်စားလှယ် (Inspection Agency) ၏ စစ်ဆေးမှုဖြင့် ဆောင်ရွက်ရန်။

(ဂ) စစ်ဆေးရေး ကိုယ်စားလှယ်၏ စစ်ဆေးပြီးကြောင်း အထောက်အထား (Inspection Certificate) ဖြင့် တင်သွင်းမည့် ပစ္စည်းအမျိုးအစား စာရင်း (Invoice and Packing List) များကို နိုင်ငံခြား မတည်ငွေရင်း တန်ဖိုး သတ်မှတ်ရေးအဖွဲ့ငယ်သို့ တင်ပြ၍ ထောက်ခံချက် ရယူရန်။

၄။ အမျိုးသား သစ်အခြောထည် စက်မှု လီမိတက် (National Wood Industry Ltd.)သည် လုပ်ငန်းအတွက် ပြည်ပမှ စက်ပစ္စည်းများ၊ စက်အရန်ပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်း/ပြည်ပချေးငွေ (Loan and Credits)၊ ကုန်ပစ္စည်း ပြန်လည်ဝယ်ယူသည့်စံနစ် (Buy-back System)၊ ရွှေ့ဆိုင်းငွေပေးချေစံနစ် (Deferred Payment System) စသည်တို့ဖြင့် ဝယ်ယူတင်သွင်းပြီး၊ ပြန်လည်ပေးဆပ်သည့်အခါ အဆိုပြု လုပ်ငန်းမှရရှိသည့် တရားဝင် နိုင်ငံခြားငွေဖြင့်သာ ပေးဆပ်ရမည်။

၅။ အဆိုပြုလုပ်ငန်းအတွက် ပြည်ပမှစက်ပစ္စည်းများ၊ စက်အရန်ပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်း/ပြည်ပချေးငွေ (Loan and Credits)၊ ကုန်ပစ္စည်း ပြန်လည်ဝယ်ယူသည့်စနစ် (Buy back System)၊ ရွှေ့ဆိုင်းငွေပေးချေစနစ် (Deferred Payment System) စသည်တို့ဖြင့် ရယူဆောင်ရွက်ခြင်းသည် နိုင်ငံတော်နှင့် သက်ဆိုင်ခြင်း မရှိဘဲ ချေးငွေပေးသူနှင့် ယူသူတို့၏ တာဝန်သာ ဖြစ်စေရမည်။

၆။ အမျိုးသား သစ်အချောထည် စက်မှုလီမိတက် (National Wood Industry Ltd.)သည် ဤခွင့်ပြုမိန့်အရ လုပ်ငန်းဆောင်ရွက်ရာတွင် မူလအဆိုပြုလွှာ၌ ဖော်ပြထားသည့် ထုတ်လုပ်မှုနှင့် ပြည်ပ တင်ပို့မှု ရည်မှန်းချက်များကို အနိမ့်ဆုံး ရည်မှန်းချက်များ အဖြစ် ထားရှိဆောင်ရွက် အကောင်အထည် ဖော်ရမည်။

၇။ အမျိုးသား သစ်အချောထည် စက်မှု လီမိတက် (National Wood Industry Ltd.)သည် ကုန်ချော ပစ္စည်းများအား ပြည်ပသို့ တင်ပို့ရောင်းချရာတွင် သစ်တောရေးရာ ဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် မူဝါဒ နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၈။ အမျိုးသား သစ်အချောထည် စက်မှု လီမိတက် (National Wood Industry Ltd.)သည် ဤအဆိုပြု လုပ်ငန်း၏ စာရင်းများကို သီးခြားပြုစုထားရှိရမည်။

၉။ အဆိုပြုလုပ်ငန်းကိုဆောင်ရွက်နိုင်ရန်အတွက် မြေအငှါးချထားသူ ဦးကျော်ဝင်းနှင့် အငှါးချထားခြင်းခံ ရသူ အမျိုးသား သစ်အချောထည် စက်မှု လီမိတက် (National Wood Industry Ltd.) တို့ ချုပ်ဆိုမည့် မြေငှါးရမ်းခြင်းသဘောတူစာချုပ်ကိုလက်မှတ်ရေးထိုးပြီးသည့်အခါ ယင်းသဘောတူစာချုပ်မိတ္တူ(၅)စောင်ကို ဤကော်မရှင်သို့ မပျက်မကွက် ပေးပို့ တင်ပြရမည်။

၁၀။ အမျိုးသား သစ်အချောထည် စက်မှု လီမိတက် (National Wood Industry Ltd.) ကို မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေနှင့်အညီ မှတ်ပုံတင်နိုင်ရန်အတွက် ကုမ္ပဏီများ ညွှန်ကြားမှု ဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနသို့လျှောက်ထားရမည်။ ကုမ္ပဏီအားမှတ်ပုံတင်ပြီးသည့်အခါ အောက်ဖော် ပြပါ စာရွက်စာတမ်း (၅) စောင်စီကို ဤကော်မရှင်သို့ မပျက်မကွက် ပေးပို့ တင်ပြရမည်။

(က) ကုမ္ပဏီ မှတ်ပုံတင် လက်မှတ် (Certificate of Incorporation)

(ခ) ကုမ္ပဏီများ ညွှန်ကြားမှု ဌာနက အတည်ပြုပြီးဖြစ်သည့် မြန်မာ–အင်္ဂလိပ် နှစ်ဘာသာဖြင့် ပြုစုထားသော ကုမ္ပဏီ သင်းဖွဲ့စည်းမျဉ်း နှင့် သင်းဖွဲ့မှတ်တမ်းများ (Memorandum and Articles of Association)

၁၁။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် မြေအသုံးပြုမှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရမှ မြေယာနှင့် ပတ်သက်၍ သတ်မှတ် ပြဋ္ဌာန်းမည့် စည်းကမ်းသတ်မှတ်ချက်များကို တိကျစွာ လိုက်နာ ဆောင်ရွက်ရမည်။

၁၂။ အမျိုးသား သစ်အချောထည် စက်မှု လီမိတက် (National Wood Industry Ltd.) မှ နိုင်ငံခြားသား ကျွမ်းကျင်သူများ ငှားရမ်းခွင့် ကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း(၉)၊ အပိုဒ် ၃၃ပါ သတ်မှတ်ချက်များနှင့်အညီ ဤကော်မရှင်သို့ သီးခြား တင်ပြ လျှောက်ထားရမည်။

၁၃။ အဆိုပြု လုပ်ငန်းဆောင်ရွက်ရန်အတွက် ပြည်တွင်းအလုပ်သမားများ ခန့်ထားရာတွင် အလုပ်သမား ဝန်ကြီးဌာန၊ အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာန နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၁၄။ အမျိုးသား သစ်အချောထည် စက်မှု လီမိတက် (National Wood Industry Ltd.) သည်

ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ရာ၌ ပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထု ညစ်ညမ်းမှု၊ မီးဘေးအန္တရာယ် စသည်များ၊ မဖြစ်ပေါ်စေရန်အတွက် လိုအပ်သည့် ပတ်ဝန်းကျင် ညစ်ညမ်းမှု ထိန်းသိမ်း ကာကွယ်ရေး အစီအမံများကို ဝန်ခံဂတိပြုထားသည့်အတိုင်း စံနစ်တကျ ထားရှိဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက် ထားရှိမှု အခြေအနေကို ဤကော်မရှင်သို့ မပျက်မကွက် အစီရင်ခံ ရမည်။

၁၅။ အမျိုးသား သစ်အချောထည် စက်မှု လီမိတက် (National Wood Industry Ltd.) သည် ပူးတွဲပါ ကနဦး လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဤခွင့်ပြုမိန့်ရရှိပြီး ၃(သုံး)လအတွင်း ဤကော်မရှင်သို့ မပျက်မကွက် အစီရင်ခံရမည်။

၁၆။ အဆိုပြု လုပ်ငန်းစတင်ဆောင်ရွက်သည့် နေ့ရက်ကို ဤကော်မရှင်သို့ မပျက်မကွက် အစီရင်ခံရမည်။

၁၇။ ဤခွင့်ပြုမိန့် ထုတ်ပေးသည့် နေ့မှစ၍ တစ်နှစ်အတွင်း အဆိုပြုလုပ်ငန်း စတင်ဆောင်ရွက်ခြင်း မပြု နိုင်ပါက ဤခွင့်ပြုမိန့်သည် အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဦးသောင်း)

ဥက္ကဋ္ဌ

စာအမှတ်၊ ရက−၁/မ−၄၉၂/၂၀၀၀ (၅၆၉−အ)

ရက်စွဲ၊ ၂၀၀၀ ပြည့်နှစ်၊ မေလ ၁၁ ရက်။

ဖြန့်ဝေခြင်း–

၁။ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌရုံး။

၂။ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ရုံး။

၃။ အစိုးရအဖွဲ့ရုံး။

၄။ စစ်မဟာဗျူဟာ လေ့လာရေးရုံး၊ ကာကွယ်ရေး ဝန်ကြီးဌာန။

၅။ အမျိုးသား စီမံကိန်း နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန။

၆။ အလုပ်သမား ဝန်ကြီးဌာန။

၇။ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။

၈။ ဆက်သွယ်ရေး၊ စာတိုက် နှင့် ကြေးနန်း ဝန်ကြီးဌာန။

၉။ ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာန။

၁၀။ လူဝင်မှု ကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန။

၁၁။ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန။

၁၂။ သစ်တောရေးရာ ဝန်ကြီးဌာန။

၁၃။ ဥက္ကဋ္ဌ၊ မန္တလေးမြို့ စည်ပင်သာယာရေး ကော်မတီ။

၁၄။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်။

၁၅။ ဥက္ကဋ္ဌ၊ နိုင်ငံခြားမတည်ငွေရင်းတန်ဖိုး သတ်မှတ်ရေး အဖွဲ့ငယ်။ (ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစက်ပစ္စည်း စာရင်းအင်း နှင့် စစ်ဆေးရေး ဦးစီးဌာန။)

၁၆။ ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန။

၁၇။ ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာန။
၁၈။ ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန။
၁၉။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ ဆက်သွယ်ရေး လုပ်ငန်း။
၂၀။ ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန် ဦးစီးဌာန။
၂၁။ ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်း အခွန်များ ဦးစီးဌာန။
၂၂။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ အာမခံ လုပ်ငန်း။
၂၃။ ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန။
၂၄။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ လျှပ်စစ်ဓါတ်အား လုပ်ငန်း။
၂၅။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း။
၂၆။ ဥက္ကဋ္ဌ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်။
၂၇။ ဒါရိုက်တာ၊ အမျိုးသား သစ်အချောထည် စက်မှု လီမိတက် (National Wood Industry Ltd.)။

၄။ <u>အမျိုးသားသစ်အခြောက်ခံစက်မှုလီမိတက် (National Wood Industry Ltd.) တည်ထောင်၍သစ်အခြောက်ခံစက်မှုလုပ်ငန်း (သစ်အခြောက်ခံများ ထုတ်လုပ်ဖြန့်ဖြူးခြင်း) ဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်းကိစ္စ။</u> ၄/၂၀၀၀ ဆုံးဖြတ်ချက်

ဒုတိယဝန်ကြီး ရေးမှူးချုပ် ဒေါ်သီတာတင်မှ အဆိုပြုလုပ်ငန်း၏ ငွေကြေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာအချက်အလက်များအား ရှင်းလင်းပြီး လုပ်ငန်းဆောင်ရွက်ရန်အတွက်သစ်တောရေးရာဝန်ကြီးဌာနမှ ကန့်ကွက်ရန်မရှိကြောင်း၊ သဘောထားရရှိပြီး ဖြစ်ပြီး မန္တလေးတိုင်း အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေး ကောင်စီနှင့်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့မှသဘောထား များ တောင်းခံထားသည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြပါသည်။

ကော်မရှင်အစည်းအဝေးမှအဆိုပြုလုပ်ငန်းဆောင်ရွက်ရန် မူအားဖြင့်သဘောတူ၍ မန္တလေးတိုင်း အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေး ကောင်စီ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့၏သဘောထား ရရှိရေး အမြန်ဆောင်ရွက်ပြီး သဘောထားနှင့် ပါတကွန်သွယ်မှုပါ၍ ကောင်စီအစည်းအဝေး သို့အတက်လက်တင်ပြသွားရန်ဆုံးဖြတ်ပါသည်။

<u>ရိုဇက်</u>

အမှတ်စဉ်	ဆုံးဖြတ်ချက်	ဆောင်ရွက်ရန် သိသာရန်
၁	၂	၃
၄	<u>အမျိုးသားသစ်အချောထည်စက်မှုလီမိတက် (National Wood Industry Ltd.) - ကညင်ကောင်း၌ သစ်အခြေခံစက်မှုလုပ်ငန်း (သစ်အချောထည်များ ထုတ်လုပ်ဖြန့်ဖြူးခြင်း) ဆောင်ရွက်ရန် အဆိုပြုတင်ပြခြင်းကိစ္စ။</u> <u>ဆုံးဖြတ်ချက်။</u> - အဆိုပြုလုပ်ငန်းဆောင်ရွက်ရန် မူအားဖြင့်သဘောတူ၍ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သဘောထားရရှိရေး အမြန်ဆောင်ရွက်ရန်။ - သဘောထားရရှိပါက ကုန်သွယ်မှုမူဝါဒကောင်စီအစည်းအဝေးသို့ ဆက်လက်တင်ပြရန်။	မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် မန်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး

ပြည်ထောင်စု မြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

စာအမှတ်၊ ရက-၁/ မ- ၁၁၂၇/ ၂၀၀၀ (၁၈၇-ဏ)။
ရက်စွဲ၊ ၂၀၀၀ ပြည့်နှစ်၊ ဧပြီလ ၁၉ ရက်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့သို့ တင်ပြသည့်အမှာစာ

အကြောင်းအရာ။ အမျိုးသား သစ်အချောထည် စက်မှု လီမိတက် တည်ထောင်၍ သစ်အခြေခံ စက်မှု လုပ်ငန်း (သစ်အချောထည်များ ထုတ်လုပ် ဖြန့်ဖြူးခြင်း) ဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်း ကိစ္စ။

၁။ မြန်မာကုမ္ပဏီဖြစ်သော အမျိုးသား သစ်အချောထည် စက်မှု လီမိတက် (National Wood Indusry Ltd.) တည်ထောင်၍ သစ်အခြေခံစက်မှုလုပ်ငန်း (သစ်အချောထည်များ ထုတ်လုပ် ဖြန့်ဖြူးခြင်း)ကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ရန် အဆိုပြု တင်ပြလာပါသည်။ ယင်း အဆိုပြုချက်ကို (၁၁-၂-၂၀၀၀)နေ့တွင် ကျင်းပ ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၄/၂၀၀၀)ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။ ယင်းအစည်းအဝေးမှ လုပ်ငန်း ဆောင်ရွက်ရန် မူအားဖြင့် သဘောတူပြီး သဘောထား မှတ်ချက်များ စုံလင်ပါက ကုန်သွယ်မှု မူဝါဒ ကောင်စီသို့ ဆက်လက် တင်ပြရန် ဆုံးဖြတ်ခဲ့ပါသည်။ ယင်းဆုံးဖြတ်ချက်အရ (၃၁-၃-၂၀၀၀)နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ကုန်သွယ်မှု မူဝါဒကောင်စီ၏ (၅/၂၀၀၀) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ မူအားဖြင့် သဘောတူပြီး အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြရန် ဆုံးဖြတ်ချက်အရ တင်ပြခြင်း ဖြစ်ပါသည်။ အဆိုပြုချက်နှင့်အတူ ချေးဆိုင်းငွေပေးချေခြင်း စနစ် သဘောတူစာချုပ် (မူကြမ်း)နှင့် မြေငှား သဘောတူစာချုပ် (မူကြမ်း)တို့ကို နောက်ဆက်တွဲ(၁) အဖြစ် ပေးပို့ထားပါသည်။

၂။ ယင်းလုပ်ငန်း၏ မတည်ငွေရင်း ပမာဏမှာ အမေရိကန်ဒေါ်လာ (၁,၂၀)သန်း အပါအဝင် စုစုပေါင်း ကျပ် (၅၂.၂၄)သန်း ဖြစ်ပါသည်။ စက်ပစ္စည်း ကိရိယာ များ နှင့် ငွေသားချေးငွေများကို စင်ကာပူနိုင်ငံ Chippel Overseas Supplies Pte Ltd. မှချေးဆိုင်းငွေပေးချေခြင်း စနစ်အရ ရယူမည်ဖြစ်ပြီး ဆိုင်းငံ့ကာလ (၁)နှစ် အပါအဝင် တစ်နှစ်လျှင် အတိုးနှုန်း (၅) ရာခိုင်နှုန်းဖြင့် (၅)နှစ်အတွင်း ပြန်လည်ပေးဆပ်ရမည် ဖြစ်ပါသည်။

၃။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန် အတွက် ရမည်းသင်း ခရိုင် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ ကာမကထပြုသူ ဦးကျော်ဝင်း အမည်ဖြင့် စီးပွားဖြစ် လုပ်ကိုင်ရန် ချပေးထားသော မြေ၊ မြေကွက် အမှတ် (၂၂၂၂၊ ၂၂၂၃၊ ၂၂၂၄၊ ၂၂၂၅၊ ၂၂၂၆၊ ၂၂၂၇၊ ၂၂၂၈၊ ၂၂၂၉၊ ၂၂၃၀၊ ၂၂၃၁)၊ အကွက် အမှတ်-၃၂၊ ပေါင်းလောင်း (၂)၊ ငုဝါလမ်း နှင့် နှင်းဆီလမ်းကြား၊ ၂၆ လမ်း နှင့် ၂၇ လမ်းကြား၊ ရွာကောက်ရပ်ကွက်၊

ပျဉ်းမနားမြို့နယ်၊ မန္တလေးတိုင်းရှိ မြေ (၀.၉၉) ဧက (၄၀၀၆.၃၉ စတုရန်းမီတာ) ပေါ်တွင် လုပ်ငန်းဆောင်ရွက်မည် ဖြစ်ပါသည်။

၄။ ယင်းလုပ်ငန်းမှ ထုတ်လုပ်သော သစ်အချောထည် ပါကေး နှင့် ပရိဘောဂများကို ပြည်တွင်းတွင် (၃၀) ရာခိုင်နှုန်း နှင့် ပြည်ပသို့ (၇၀) ရာခိုင်နှုန်း တင်ပို့ရောင်းချ မည်ဖြစ်ပါသည်။ပုံမှန်နှစ်ရှိ ထုတ်လုပ်မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	အမျိုးအမည်	ထုတ်လုပ်မှု (ကုဗမီတာ)
၁။	Teak	
	- Parquets	၃၀၀
	- Other Funiture	၇၀၀
၂။	Hard Wood	
	- Parquets	၁၃၀၀
	- Other Funiture	၅၂၀၀

၅။ ယင်းလုပ်ငန်း၏ အရင်းကြေကာလမှာ (၄)နှစ်နှင့် (၂)လဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR) မှာ (၂၈)ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ယင်းလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည် အကျိုးအမြတ် ခန့်မှန်းခြေမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

(က) ဝင်ငွေခွန် — ကျပ် ၄.၄၅ သန်း
— အမေရိကန်ဒေါ်လာ ၀.၀၈ သန်း

(ခ) ကုန်သွယ်လုပ်ငန်းခွန် — ကျပ် ၆၅.၈၄ သန်း

၇။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် ပြည်တွင်းမှ ဝန်ထမ်း (၁၂၀)ဦး နှင့် ပြည်ပမှ ဝန်ထမ်း (၃)ဦး ခန့်ထား ဆောင်ရွက်မည် ဖြစ်ပါသည်။

၈။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် သစ်တောရေးရာ ဝန်ကြီးဌာနသို့ သဘောထားမှတ်ချက် တောင်းခံရာ ကန့်ကွက်ရန် မရှိကြောင်း ပြန်ကြားလာပါသည်။ မန္တလေးတိုင်း အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီသို့ သဘောထား မှတ်ချက် တောင်းခံရာ တည်နေရာ နှင့် ပတ်သက်၍ ကန့်ကွက်ရန် မရှိသော်လည်း ပိုင်ဆိုင်မှုကို စိစစ်ပြီးမှ ခွင့်ပြုသင့်ကြောင်း ပြန်ကြားလာပါသည်။ အဆိုပြုမြေမှာ အမျိုးသား သစ်အချောထည်စက်မှုလီမိတက်၏ဒါရိုက်တာဖြစ်သူ ဦးကျော်ဝင်းအမည်ပေါက်မြေဖြစ်ပြီး၊ ၎င်းမှ ကုမ္ပဏီသို့ ပြန်လည်ငှားရမ်းထားခြင်း ဖြစ်ကြောင်း မြေငှားစာချုပ် (မူကြမ်း) နှင့် အတူ တင်ပြ ခြင်းဖြစ်ပါသည်။

၉။ ယင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ပိုင်ဆိုင်မှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ ဈေးငွေရယူမှုတို့နှင့် ပတ်သက်၍ ဝန်ခံကတိများ ပြုထားပါသည်။

၁၀။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် လျှောက်ထားလာပါသည်။ ဥပဒေပုဒ်မ ၁၂ အရ စီးပွားရေးလုပ်ငန်း

စတင်သောနှစ်အပါအဝင် တစ်ဆက်တည်း (၃)နှစ် အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ပေးရမည် ဖြစ်ပါသည်။ ဥပဒေပုဒ်မ ၁၃ အရ အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များအနက် လုပ်ငန်းနှင့် သက်ဆိုင်သည့် အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် ကော်မရှင်မှ ညှိနှိုင်း ဆုံးဖြတ်ခဲ့ ပါသည်။

၁၁။ ဆုံးဖြတ်ရန်အချက်။

(က) အမျိုးသား သစ်အရောင်းထည် စက်မှု လီမိတက် တည်ထောင်၍ သစ်အခြေခံ စက်မှုလုပ်ငန်း (သစ်အရောင်းထည်များ ထုတ်လုပ် ဖြန့်ဖြူးခြင်း) ဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်းကို ခွင့်ပြုရန် သဘောတူ–မတူ။

(ခ) လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် သဘောတူပါက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် သဘောတူ–မတူ။

၁၂။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏ ထောက်ခံချက်။

အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ကို နာခံအပ်ပါသည်။

(ဦးသောင်း)

ဝန်ကြီး

ဝန်ကြီး၊ သိပ္ပံ နှင့် နည်းပညာ ဝန်ကြီးဌာန။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့။

ပြည်ထောင်စု မြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

စာအမှတ်၊ ရက-၁/ မ- ၁၁၂၇/ ၉၉ (၁၂၃၄၆)။
ရက်စွဲ၊ ၂၀၀၀ ပြည့်နှစ်၊ မတ်လ ၂၁ ရက်။

ကုန်သွယ်မှု မူဝါဒ ကောင်စီသို့ တင်ပြသည့်
အမှာစာ

အကြောင်းအရာ။ အမျိုးသား သစ်အချောထည် စက်မှု လီမိတက် တည်ထောင်၍ သစ်အခြေခံ စက်မှုလုပ်ငန်း (သစ်အချောထည်များ ထုတ်လုပ် ဖြန့်ဖြူးခြင်း) ဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်း ကိစ္စ။

၁။ မြန်မာကုမ္ပဏီဖြစ်သော အမျိုးသား သစ်အချောထည် စက်မှု လီမိတက် (National Wood Indusry Ltd.) တည်ထောင်၍ သစ်အခြေခံစက်မှုလုပ်ငန်း (သစ်အချောထည်များ ထုတ်လုပ် ဖြန့်ဖြူးခြင်း)ကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ရန် အဆိုပြု တင်ပြလာပါသည်။ ယင်းအဆိုပြုချက်ကို (၁၁-၂-၂၀၀၀)နေ့တွင် ကျင်းပ ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၄/၂၀၀၀)ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။ ယင်းအစည်းအဝေးမှ လုပ်ငန်း ဆောင်ရွက်ရန် မူအားဖြင့် သဘောတူပြီး သဘောထား မှတ်ချက်များ စုံလင်ပါက ကုန်သွယ်မှု မူဝါဒ ကောင်စီသို့ ဆက်လက် တင်ပြရန် ဆုံးဖြတ်ချက်အရ သဘောထားများစုံလင်ပြီ ဖြစ်ပါ၍ တင်ပြခြင်းဖြစ်ပါသည်။ အဆိုပြုချက်နှင့်အတူ ရှေ့ဆိုင်းငွေပေးချေခြင်း စနစ် သဘောတူစာချုပ် (မူကြမ်း)နှင့် မြေငှား သဘောတူစာချုပ် (မူကြမ်း)တို့ကို နောက်ဆက်တွဲ(၁) အဖြစ် တင်ပြထားပါသည်။

၂။ ယင်းလုပ်ငန်း၏ မတည်ငွေရင်း ပမာဏမှာ အမေရိကန်ဒေါ်လာ (၁,၂၀)သန်း အပါအဝင် စုစုပေါင်း ကျပ် (၅၂.၂၀)သန်း ဖြစ်ပါသည်။ ယင်းတွင်ငွေသား ကျပ် (၂၉.၄၀)သန်း {အမေရိကန်ဒေါ်လာ (၀.၄၀)သန်းအပါအဝင်}၊ အဆောက်အဦတန်ဖိုး ကျပ် (၁၈.၀၀)သန်း။ စက်ပစ္စည်းကိရိယာ တန်ဖိုး ကျပ် (၄.၈၀)သန်း {အမေရိကန်ဒေါ်လာ (၀.၈၀)သန်း} ထည့်ဝင် ရင်းနှီးမည် ဖြစ်ပါသည်။ စက်ပစ္စည်း ကိရိယာများ နှင့် ငွေသားချေးငွေများကို စင်ကာပူနိုင်ငံ Chippel Overseas Supplies Pte Ltd. မှရှေ့ဆိုင်းငွေပေးချေခြင်း စနစ်အရ ရယူမည်ဖြစ်ပြီး ဆိုင်းငံ့ကာလ (၁)နှစ် အပါအဝင် တစ်နှစ်လျှင် အတိုးနှုန်း (၅) ရာခိုင်နှုန်းဖြင့် (၅)နှစ်အတွင်း ပြန်လည်ပေးဆပ်ရမည် ဖြစ်ပါသည်။

၃။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန် အတွက် ရမည်းသင်း ခရိုင် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ ကာမကထပြုသူ ဦးကျော်ဝင်း အမည်ဖြင့် စီးပွားဖြစ် လုပ်ကိုင်ရန် ချပေးထားသော မြေ၊ မြေကွက် အမှတ် (၂၂၂၂၊ ၂၂၂၃၊ ၂၂၂၄၊ ၂၂၂၅၊ ၂၂၂၆၊ ၂၂၂၇၊ ၂၂၂၈၊ ၂၂၂၉၊ ၂၂၃၀၊ ၂၂၃၁)၊ အကွက် အမှတ်-၃၂၊ ပေါင်းလောင်း (၂)၊ ဝုဝါလမ်း နှင့် နှင်းဆီလမ်းကြား၊ ၂၆ လမ်း နှင့် ၂၇ လမ်းကြား၊ ရွာကောက်ရပ်ကွက်၊

ပျဉ်းမနားမြို့နယ်၊ မန္တလေးတိုင်းရှိ မြေ (၀.၉၉) ဧက (၄၀၀၆.၃၉ စတုရန်းမီတာ) ပေါ်တွင် လုပ်ငန်းဆောင်ရွက်မည် ဖြစ်ပါသည်။

၄။ ယင်းလုပ်ငန်းမှ ထုတ်လုပ်သော သစ်အချောထည် ပါကေး နှင့် ပရိဘောဂများကို ပြည်တွင်းတွင် (၃၀) ရာခိုင်နှုန်း နှင့် ပြည်ပသို့ (၇၀) ရာခိုင်နှုန်း တင်ပို့ရောင်းချ မည်ဖြစ်ပါသည်။ပုံမှန်နှစ်ရှိ ထုတ်လုပ်မှု နှင့် ရောင်း ဈေးနှုန်း များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

စဉ်	အမျိုးအမည်	ပြည်တွင်းရောင်း		ပြည်ပရောင်း	
		ထုတ်လုပ်မှု (ကုဗမီတာ)	ရောင်းဈေးနှုန်း (Ks/Cum)	ထုတ်လုပ်မှု (ကုဗမီတာ)	ရောင်းဈေးနှုန်း (US$/Cum)
၁။	Teak				
	- Parquets	၉၀	၂၄၀၀၀၀	၂၁၀	၁၄၄၀
	- Other Funiture	၂၁၀	၃၆၀၀၀၀	၄၉၀	၂၄၀၀
၂။	Hard Wood				
	- Parquets	၃၉၀	၆၂၀၀၀	၉၁၀	၂၂၀
	- Other Funiture	၁၅၆၀	၉၁၀၀၀	၃၆၄၀	၂၃၀

၅။ ယင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ်တွင် ရရှိမည့် ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(ကျပ်သန်း)

		ပြည်တွင်း	နိုင်ငံခြား	စုစုပေါင်း
(က)	ဝင်ငွေ	၂၆၃.၃၄	၁၅.၁၀	၂၇၈.၄၄
(ခ)	အသုံးစရိတ်	၂၅၂.၉၆	၁၂.၄၁	၂၆၅.၃၇
(ဂ)	အသားတင်အမြတ်	၁၀.၃၈	၂.၆၉	၁၃.၀၇

၆။ ယင်းလုပ်ငန်း၏ အရင်းကြေကာလမှာ (၄)နှစ်နှင့် (၂)လဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR) မှာ (၂၈)ရာခိုင်နှုန်း ဖြစ်ပါသည်။

၇။ ယင်းလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ်တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်–

(က)	ဝင်ငွေခွန်	ကျပ်	၄.၄၅ သန်း
		အမေရိကန်ဒေါ်လာ	၀.၀၈ သန်း
(ခ)	ကုန်သွယ်လုပ်ငန်းခွန်	ကျပ်	၆၅.၈၄ သန်း

၈။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် ပြည်တွင်းမှ ဝန်ထမ်း (၁၂၀)ဦး နှင့် ပြည်ပမှ ဝန်ထမ်း (၃)ဦး ခန့်ထား ဆောင်ရွက်မည် ဖြစ်ပါသည်။

၉။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် သစ်တောရေးရာ ဝန်ကြီးဌာနသို့ သဘောထားမှတ်ချက် တောင်းခံရာ သတ်မှတ်ထားသည့် စည်းကမ်းချက်များအတိုင်း ဆောင်ရွက်သွားမည် ဆိုပါက ကန့်ကွက်ရန် မရှိကြောင်း နှင့် မန္တလေးတိုင်း အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီသို့ သဘောထား မှတ်ချက်

တောင်းခံရာ တည်နေရာ နှင့် ပတ်သက်၍ ကန့်ကွက်ရန် မရှိသော်လည်း ပိုင်ဆိုင်မှုကို စိစစ်ပြီးမှ ခွင့်ပြုသင့်ကြောင်း ပြန်ကြားလာပါသည်။ အဆိုပြုမြေမှာ အမျိုးသား သစ်အချောထည် စက်မှု လီမိတက်၏ ဒါရိုက်တာ ဖြစ်သူ ဦးကျော်ဝင်း အမည်ပေါက်မြေဖြစ်ပြီး၊ ၎င်းမှ ကုမ္ပဏီသို့ ပြန်လည်ငှားရမ်းထားခြင်း ဖြစ်ကြောင်း မြေငှားစာချုပ် (မူကြမ်း) နှင့် အတူ တင်ပြ ခြင်းဖြစ်ပါသည်။

၁၀။ ယင်းလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်ပြီး၊ နိုင်ငံခြားမှ မည်သူမျှ ပိုင်ဆိုင်မှု မရှိကြောင်း၊ မြေယာနှင့် ပတ်သက်၍ နိုင်ငံတော်မှ သတ်မှတ် ပြဋ္ဌာန်းမည့် စည်းကမ်း သတ်မှတ်ချက်များကို လိုက်နာ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းမှု နှင့် မီးဘေးအန္တရာယ်များ မဖြစ်ပွားစေရန် လိုအပ်သော အစီအမံများ၊ ကြိုတင် ကာကွယ်မှုများ ပြုလုပ်ထားမည်ဖြစ်ကြောင်း၊ ချေးငွေရယူခြင်းသည် နိုင်ငံတော်နှင့် သက်ဆိုင်ခြင်း မရှိဘဲ ချေးငွေပေးသူနှင့် ယူသူတို့၏ တာဝန်သာဖြစ်ကြောင်း၊ ပြန်လည်ပေးဆပ် ရာတွင်လည်း နိုင်ငံခြားသို့ တင်ပို့ရောင်းချ၍ ရရှိသော နိုင်ငံခြားငွေဖြင့်သာ ပေးဆပ်မည် ဖြစ်ကြောင်းနှင့် လုပ်ငန်းအသစ်၊ ရင်းနှီးမြှုပ်နှံမှုအသစ်ဖြစ်ကြောင်း ဝန်ခံကတိ ပြုထားပါသည်။

၁၁။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် လျှောက်ထားလာပါသည်။ ဥပဒေပုဒ်မ ၁၂ အရ စီးပွားရေးလုပ်ငန်း စတင်သောနှစ်အပါအဝင် တစ်ဆက်တည်း (၃)နှစ် အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ပေးရမည် ဖြစ်ပါသည်။ ဥပဒေပုဒ်မ ၁၃ အရ အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များအနက် လုပ်ငန်းနှင့် သက်ဆိုင်သည့် အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် ကော်မရှင်မှ ညှိနှိုင်း ဆုံးဖြတ်ခဲ့ ပါသည်။

၁၂။ ဆုံးဖြတ်ရန်အချက်။

(က) အမျိုးသား သစ်အချောထည် စက်မှု လီမိတက် တည်ထောင်၍ သစ်အခြေခံ စက်မှုလုပ်ငန်း (သစ်အချောထည်များ ထုတ်လုပ် ဖြန့်ဖြူးခြင်း) ဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်းကို ခွင့်ပြု ရန် သဘောတူ–မတူ။

(ခ) လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် သဘောတူပါက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် သဘောတူ–မတူ။

၁၃။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏ ထောက်ခံချက်။

ကုန်သွယ်မှု မူဝါဒ ကောင်စီ၏ ဆုံးဖြတ်ချက်ကို နာခံအပ်ပါသည်။

(ဦးသောင်း)

ဥက္ကဋ္ဌ

ဝန်ကြီး၊ သိပ္ပံ နှင့် နည်းပညာ ဝန်ကြီးဌာန။

ကုန်သွယ်မှု မူဝါဒ ကောင်စီ။

၄||၂၀၀၀ MIC ၁၁ ! ၂. ၂၀၀၀

စားပွဲတင်

<u>လျှို့ဝှက်</u>

လုပ်ငန်း စီမံကိန်း အဆိုပြုချက်၏အဓိကအချက်များ
(မြန်မာနိုင်ငံသား များ ရင်း နှီး မြှုပ်နှံမှုဥပဒေအရ)

၁။	ကုမ္ပဏီအမည်	အမျိုးသားသစ်အချောထည်စက်မှုလီမိတက် (National Wood Industry Ltd.)	
၂။	လုပ်ငန်း အဆိုပြုသူအမည်	ဦး ကျော်ဝင်း	
၃။	အဆိုပြုလုပ်ငန်းအမျိုး အစား	သစ်အခြေခံစက်မှုလုပ်ငန်း (သစ်အချောထည်များ ထုတ်လုပ်ဖြန့်ဖြူး ခြင်း)	
၄။	တည်နေရာ	ဦးပိုင်အမှတ် (၂၂၂၂၊ ၂၂၂၃၊ ၂၂၂၄၊ ၂၂၂၅၊ ၂၂၂၆၊ ၂၂၂၇၊ ၂၂၂၈၊ ၂၂၂၉၊ ၂၂၃၀၊ ၂၂၃၁)၊ အကွက်အမှတ်နှင့်အမည်-၃၂/ ပေါင်းလောင်း (၂)၊ ငုဝါလမ်းနှင့်နှင်းဆီလမ်း ကြား၊ ၂၆လမ်းနှင့် ၂၇လမ်းကြား ၊ရွာတောက် ရပ်ကွက်၊ ပျဉ်းမနား မြို့နယ်၊ မန္တလေး တိုင်း ။	
၅။	စုစု ပေါင်း ရင်း နှီးမြှုပ်နှံမှု	<u>ကျပ် ၅၂.၂၀ သန်း</u> (US$ ၁.၂၀ သန်းအပါအဝင်)	
	- ငွေပမာဏ	ကျပ် ၂၉.၄၀ သန်း (US$ ၀.၄၀ သန်းအပါအဝင်)	
	- အဆောက်အဦ	ကျပ် ၁၈.၀၀ သန်း	
	- စက်ပစ္စည်းကိရိယာ	ကျပ် ၄.၈၀ သန်း (US$ ၀.၈၀ သန်း)	
၆။	မြေအကြောင်း အရာ		
	- မြေအကျယ်အဝန်း	၀.၉၉ ဧက (၄၀၀၆.၃၉ စတုရန်းမီတာ)	
	- မြေပိုင်ဆိုင်မှု	ကမကထပြုသူဦး ကျော်ဝင်းအမည်ဖြင့် ရမည်းသင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စီးပွါး ဖြစ်လုပ်ကိုင်ရန်ချပေးထားသော မြေ (မြေကို ငှားရမ်းအသုံးပြုမည်ဖြစ်ပါသည်။)	
	- မြေအမျိုး အစား	စီးပွါးဖြစ်လုပ်ကိုင်ရန်ချပေး ထားသော မြေ။	
၇။	ထုတ်လုပ်မှု (ပုံမှန်နှစ်)	<u>ပြည်တွင်း</u> (ကုဗမီတာ)	<u>ပြည်ပ</u> (ကုဗမီတာ)
	<u>Teak</u>		
	- Parquets	၉၀	၂၀၀
	- Other Furniture	၂၀၀	၄၉၀

<u>လျှို့ဝှက်</u>

	<u>Hard Wood</u>		
	- Parquets	၃၉၀	၉၁၀
	- Other Furniture	၁၅၆၀	၃၆၄၀
၈။	ရောင်းချမည့်နည်းစနစ်		
	- ပြည်တွင်း	၃၀ %	
	- ပြည်ပ	၇၀ %	
၉။	ရောင်းဈေးနှုန်း (ပုံမှန်နှစ်)	<u>ပြည်တွင်း</u> (Ks/Cum)	<u>ပြည်ပ</u> (US$/Cum)
	- Parquets	၂၄၀၀၀၀	၁၄၄၀
	- Other Furniture	၃၆၀၀၀၀	၂၄၀၀
	<u>Hard Wood</u>		
	- Parquets	၆၂၀၀၀	၂၂၀
	- Other Furniture	၉၀၀၀၀	၂၃၀
၁၀။	ဝင်ငွေ (ပုံမှန်နှစ်)		
	- နိုင်ငံခြား ငွေဖြင့်	US$ ၂.၅၂ သန်း	
	- ကျပ် ငွေဖြင့်	ကျပ် ၂၆၃.၃၄ သန်း	
၁၁။	အသားတင်အမြတ် (ပုံမှန်နှစ်)		
	- နိုင်ငံခြား ငွေဖြင့်	US$ ၀.၄၅ သန်း	
	- ကျပ် ငွေဖြင့်	ကျပ် ၁၀.၃၈ သန်း	
၁၂။	အရင်း ကျေကာလ	(၄) နှစ်နှင့် (၂) လ	
၁၃။	အရင်းအနှီးအပေါ် အကျိုး အမြတ် ပြန်ပေါ်နှုန်း (IRR)	(၂၈) ရာခိုင်နှုန်း	
၁၄။	နိုင်ငံတော်မှ ပုံမှန်နှစ်တွင်ရရှိမည့်အကျိုး အမြတ်		
	- ဝင် ငွေခွန်		
	- နိုင်ငံခြား ငွေဖြင့်	US$ ၀.၀၈ သန်း	
	- ကျပ် ငွေဖြင့်	ကျပ် ၄.၄၅ သန်း	

	- ကုန်သွယ်လုပ်ငန်းခွန် (၂၁%) - ကျပ်ငွေဖြင့်	ကျပ် ၆၅.၀၄ သန်း
၁၅။	ဝန်ထမ်းအင်အား - ပြည်တွင်း - ပြည်ပ	၁၂၃ ဦး ၁၂၀ ဦး ၃ ဦး
၁၆။	တည်ဆောက်မှုကာလ	(၁) နှစ်
၁၇။	အခြား	- စက်ပစ္စည်းကိရိယာများနှင့် ငွေသားချေးငွေကို စင်ကာပူနိုင်ငံ Chippel Overseas Supplies Pte Ltd. - မှ ရွှေဆိုင်းငွေပေးချေခြင်း စနစ်အရ တစ်နှစ်လျှင်အတိုးနှုန်း ၅ ရာခိုင်နှုန်း ဖြင့်ဆိုင်းငံ့ကာလတစ်နှစ်အပါအဝင် (၅) နှစ် အတွင်း ပြန်လည်ပေးဆပ်ရမည်ဖြစ်ပါသည်။ - စက်ပစ္စည်း စာရင်း ကိုပူးတွဲတင်ပြထား ပါသည်။ - ယင်း လုပ်ငန်း သည်မြန်မာနိုင်ငံသား များသာ ပိုင်ဆိုင်ပြီး၊ နိုင်ငံခြားမှမည်သူမျှပိုင်ဆိုင်မှုမရှိ ကြောင်း၊ မြေယာနှင့်ပတ်သက်၍ နိုင်ငံတော်မှ သတ်မှတ်ပြဋ္ဌာန်း မည့်စည်း ကမ်း သတ်မှတ်ချက် များကိုလိုက်နာမည်ဖြစ် ကြောင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့်မီး ဘေးအန္တရာယ်များမဖြစ်ပွါး စေရန်လိုအပ်သောအစီအမံများ ၊ ကြိုတင်ကာ ကွယ်မှုများ ပြုလုပ်သွား မည်ဖြစ် ကြောင်း၊ ထွက်ရှိ သောသစ်အချောထည်များကိုနိုင်ငံခြား သို့အမှန် တကယ်တင်ပို့ရောင်းချမည်ဖြစ် ကြောင်း၊ နိုင်ငံခြား ချေးငွေရယူခြင်း သည်နိုင်ငံတော်နှင့်သက်ဆိုင် ခြင်း မရှိဘဲ ငွေချေးသူ၊ ယူသူတို့၏တာဝန်သာဖြစ် ကြောင်း၊ ချေး ငွေပြန်လည်ပေး ဆပ်ရာတွင်

နိုင်ငံခြားသို့ သစ်အချောထည်များ တင်ပို့ရရှိသောနိုင်ငံခြားငွေဖြင့် ပေးဆပ်မည်ဖြစ်ကြောင်း၊ လုပ်ငန်း အသစ်ရင်းနှီး မြှုပ်နှံမှုအသစ်ဖြစ်ကြောင်း၊ ဝန်ခံကတိပြုထားပါသည်။

- ယင်း လုပ်ငန်း ဆောင်ရွက်ရန်အတွက် ငွေရေး ကြေးရေး ဆိုင်ရာအထောက်အထား အဖြစ်ကမကထပြုသူဦး ကျော်ဝင်း ၏သမဝါယမဘဏ်ရှိ (၂၅-၁၀-၉၉) နေ့ဘဏ်လက်ကျန်စာရင်းမှာ ကျပ် ၁၅.၀၃သန်း ဖြစ်ကြောင်းနှင့်ဒါရိုက်တာဦး ဝင်း နိုင်ထွန်း ၏ရိုး မဘဏ်ရှိ (၂၅-၁၀-၉၉) နေ့ဘဏ်လက်ကျန်စာရင်းမှာကျပ်၁၀.၁၆သန်း ဖြစ်ကြောင်းကိုတင်ပြထားပါသည်။
- ယင်း လုပ်ငန်း ဆောင်ရွက်ရန်အတွက်သစ်တော ရေး ရာဝန်ကြီး ဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့်မန္တလေး တိုင်း အေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေး ကောင်စီရုံးသို့သဘောထား မှတ်ချက် တောင်းခံရာသတ်မှတ်ထားသည့်စည်းကမ်း ချက်များ အတိုင်း ဆောင်ရွက်သွားမည်ဆိုပါကကန့်ကွက်ရန်မရှိပါကြောင်းအကြောင်း ပြန်ကြား လာပါသည်။
- မန္တလေး တိုင်း အေး ချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီနှင့်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့သဘောထား မှတ်ချက် တောင်းခံထားဆဲဖြစ်ပါသည်။
- ဥပဒေပုဒ်မ ၁၂နှင့်၁၃အရအခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များ ကိုခံစားခွင့်ပြုရန်လျှောက်ထား လာပါသည်။

NATIONAL WOOD INDUSTRY LIMITED

	LIST OF MACHINERIES AND EQUIPMENTS TO BE IMPORTED		Sheet No. (1) Exhibit No. I		
Sr No	PARTICULARS	UNIT	QTY	PRICE IN US$	VALUE IN US$
A	TIMBER PROCESSING MACHINERIES & EQUIPMENT				
1	Standard 6ft type x 6 spindles Double End Tenoner	Set	1	25000	25000
2	Automatic Moulder	Set	1	50000	50000
3	18" Pneumatic Cut Off Saw C/W 7.5 H.P Motor(exclude sawblade)	Set	2	5000	10000
B	MACHINERY FOR DOOR & MOULDING PLANT LINE				
1	Double End Tenoner	Set	1	25000	25000
2	Screw Compressor Hydrovane Pump Motor	Set	1	3000	3000
3	Profile Knife Grinder	Set	1	7000	7000
4	12" Planer Spindle	Set	1	2000	2000
5	Hydraulic Press for Door (Vertical Type)	Set	1	3500	3500
6	Planner/Moulder	Set	1	25000	25000
7	2-Sided Planer	Set	1	9000	9000
8	Tatry Radial Arm Saw	Set	1	1100	1100
9	Radial Arm Saw	Set	1	1200	1200
10	Single RIPSAW	Set	1	900	900
11	Top Working Wide Belt Sander	Set	1	11000	11000
12	Spindle Moulder	Set	1	1400	1400
13	400mm Thicknesser	Set	1	2500	2500
14	Bandsaw	Set	1	3000	3000
15	18" Pneumatic Cut Off Saw	Set	1	2800	2800
16	7.5' Pneumatic Five Head Boring Machine	Set	1	11000	11000
17	Tenoning Machine	Set	1	5000	5000
18	4' x 8' Hydraulic Frame Press	Set	1	5200	5200
C	PARQUET & FINGER JOINT PROCESSING				
1	Finger Shaper	Units	3	18000	54000
2	Finger Joint Assember	Set	2	5000	10000
3	Finger Joint Lumber Composer	Set	2	17000	34000
4	Clamp Carrier	Set	2	6000	12000
5	Double End Tenoner	Set	2	4500	9000
6	4 Side 6 Spindle Moulder	Set	2	15000	30000
7	2 Side Auto Moulder	Set	2	1100	2200
8	Radial Arm Saw	Set	2	1250	2500
9	Spindle Shaft Shaper	Set	2	1350	2700
10	Narrow Blade Bandsaw	Set	2	2000	4000
11	Spindle Moulder	Set	2	1500	3000
12	Packing Machine	Set	2	1000	2000
D	SANDING AREA				
1	Wide Belt Sander	Set	1	15000	15000
2	Edge Belt Sander	Set	2	2500	5000
3	Profil Sander	Set	2	4000	8000
	SUB-TOTAL OF SHEET NO. (1)				398000

NATIONAL WOOD INDUSTRY LIMITED

LIST OF MACHINERIES AND EQUIPMENTS TO BE IMPORTED

Sheet No. (2)
Exhibit No. I

Sr No	PARTICULARS	UNIT	QTY		VALUE IN US$
E	EXHAUST SYSTEM				
1	Movable Bag Dust Collector	Set	5	500	2500
2	Ventilator Piping Cyclon	Set	2	4500	9000
3	Dust Quantity Collector	Set	2	1000	2000
4	Plate Fan	Units	5	540	2700
5	Aircompressor	Set	2	1200	2400
6	Incinerator	Set	1	15000	15000
F	TIMBER DRYER SYSTEM				
1	Heat Exchanger and Circulating Fan	Set	10	400	4000
2	Kin-Dryer	Set	3	20000	60000
G	TOOLS SHARPENING				
1	Strait Knife Grinder	Set	1	8000	8000
2	Sawblade Grinder	Set	1	4000	4000
H	OTHER MACHINERY & EQUIPMENT				
1	Band Saw with carriage 60"	Set	1	52000	52000
2	Band Re-Saw 48"	Set	1	20000	20000
3	Band Re-Saw 36"	Set	1	16000	16000
4	Band Re-Saw 24"	Set	2	11000	22000
5	One Complete Set Saw Shop Equipment	Lot	1	17500	17500
6	Spare Parts for Band Saw & Re-Saw	Lot	1	26000	26000
7	Lumber Drying Chamber (Steam Heating Type)	Set	1	42000	42000
8	Hydraulic Copier Lathe Machine	Set	1	36000	36000
9	Forklift	Units	3	2600	7800
10	Generator 150KVA/300KVA	Set	2	20000	40000
11	Airconditioner (1.5 H.P/ 2 H.P)	Units	8	550	4400
12	Computer & Printer	Set	3	2000	6000
13	Copying Machine	Set	1	2700	2700
	SUB-TOTAL OF SHEET NO. (2)				402000
	SUB-TOTAL OF SHEET NO. (1)				398000
	GRAND TOTAL				800000

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၃ အရ အခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များရရှိရေးအတွက် လျှောက်ထားချက်အပေါ် အောက်ပါအတိုင်းသုံးသပ်တင်ပြပါသည်။

- ဥပဒေပုဒ်မ ၁၃ (က) အရ လုပ်ငန်း၏ရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်သော နိုင်ငံခြားငွေပမာဏအပေါ် မူတည်၍ ဝင်ငွေခွန်သက်သာခွင့်နှင့်ပတ်သက်၍ ကနဦးရင်းနှီးမြှုပ်နှံမှုကာလအတွင်း နိုင်ငံခြားငွေဖြင့်ရင်းနှီးမြှုပ်နှံသည့်ပမာဏကို ဖော်ပြလျက် ကော်မရှင်သို့လျှောက်ထားလာသည့်အခါ စဉ်းစားခွင့်ပြုသင့်ပါသည်။
- ဥပဒေပုဒ်မ ၁၃ (ခ) အရ လုပ်ငန်းမှပြည်ပသို့တင်ပို့ရောင်းချခြင်းမှ နိုင်ငံခြားငွေဖြင့်ရရှိသည့်အမြတ်ငွေအပေါ် (၅၀%) ဝင်ငွေခွန်သက်သာခွင့်နှင့်ပတ်သက်၍ လုပ်ငန်း၏အမှန်တကယ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေကို ဖော်ပြလျက် ပထမဆင့်ငွေခွန်ကင်းလွတ်ခွင့် (၃) နှစ်ခံစားပြီးနောက် ကော်မရှင်သို့လျှောက်ထားလာသည့်အခါ စဉ်းစားခွင့်ပြုသင့်ပါသည်။
- ဥပဒေပုဒ်မ ၁၃ (ဂ) အရ ကုန်ထုတ်လုပ်မှုကြောင့် ပြည်တွင်းပြည်ပဝင်ငွေတိုးတက်မှုရှိပါက သတ်မှတ်ချက်နှင့်အညီ ဝင်ငွေခွန်သက်သာခွင့်ကို လုပ်ငန်းအကောင်အထည်ဖော်မှုအရ လျှောက်ထားလာသည့်အခါ စဉ်းစားခွင့်ပြုသင့်ပါသည်။
- ဥပဒေပုဒ်မ ၁၃ (ဃ) အရ သွင်းကုန်အစားထိုးလုပ်ငန်းအဖြစ် အကျိုးအမြတ်နည်းသည့်လုပ်ငန်းအပေါ် သင့်လျော်သောကာလအထိ ဝင်ငွေခွန်သက်သာခွင့်တောင်းခံခြင်းကို အကျုံးဝင်ခြင်းမရှိဟု သုံးသပ်ရပါသည်။

- ဥပဒေပုဒ်မ ၁၃ (စ) အရ လုပ်ငန်းမှရရှိသည့်အမြတ်ငွေကိုတစ်နှစ်အတွင်း ပြန်လည်ရင်းနှီးမြှုပ်နှံပါကထိုအမြတ်ငွေပေါ်တွင် ဝင်ငွေခွန်ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့်ကို အမှန်တကယ်ပြန်လည် ရင်းနှီးမြှုပ်နှံမှုပြုသည့်အခါ လျှောက်ထားလာပါက ခွင့်ပြုသင့်ပါသည်။

- ဥပဒေပုဒ်မ ၁၃ (ဆ) အရ လုပ်ငန်းသုံးမတည်ပစ္စည်းများအပေါ် တန်ဖိုးလျော့ငွေကို သတ်မှတ်သည့်နှုန်းအတိုင်း နှစ်တိုကိုနှင့်မူလတန်ဖိုးပြည့်မီသည်အထိ အမြတ်ငွေမှ နုတ်ပယ်ခွင့်နှင့်ပတ်သက်၍ လျှောက်ထားလာသည့်အခါ ကော်မရှင်မှ သတ်မှတ်သည့်နှုန်းအတိုင်း ခွင့်ပြုသင့်ပါသည်။

- ဥပဒေပုဒ်မ ၁၃ (ဇ) အရ ကနဦးရင်းနှီးမြှုပ်နှံမှုကာလအတွင်း တင်သွင်းလာသည့်စက်ပစ္စည်းများအပေါ် အကောက်ခွန်နှင့်အခြားပြည်တွင်းအခွန်အကောက်များ ကင်းလွတ်ခွင့်ပြုသင့်ပါသည်။

- ဥပဒေပုဒ်မ ၁၃ (ဈ) အရ ကနဦးရင်းနှီးမြှုပ်နှံမှုကာလကုန်ဆုံး၍ ပထမ (၃) နှစ်အတွက် တင်သွင်းသည့်လုပ်ငန်းသုံးပစ္စည်းများအပေါ်တွင် အကောက်ခွန်နှင့်အခြားပြည်တွင်းအခွန်အကောက်များ ကင်းလွတ်ခွင့်ပြုသင့်ပါသည်။

- ဥပဒေပုဒ်မ ၁၃ (ည) အရ ထုတ်လုပ်သည့်ပစ္စည်းများပြည်ပသို့တင်ပို့ရောင်းချမှုအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ကို ခွင့်ပြုသင့်ပါသည်။

* အေး * ၂၆-၁၁-၉၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန
(အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)

စာအမှတ်၊ ၂၀၀/ ၁-၁၃ / ဦး ၁
ရက်စွဲ၊ ၂၀၀၀ပြည့်နှစ်၊ မတ်လ ၁၄ ရက်

သို့
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ သဘောထားမှတ်ချက်တောင်းခံခြင်း

ရည်ညွှန်းချက် ။ (၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၉-၁၁-၉၉ ရက်စွဲပါစာအမှတ်၊ ရက-၁/မ-၄၉၂/၉၉ (ဖ၄၁၀-ယ)

(၂) ဤဦးစီးဌာန၏ ၉-၂-၂၀၀၀ ရက်စွဲပါစာအမှတ်၊ ၂၀၀/၁-၁၃/ဦး ၁

၁။ မန္တလေးတိုင်း၊ ပျဉ်းမနားမြို့နယ်၊ ဌာ ကောက်ရစ်ကွက်၊ အကွက်အမှတ် ၃၂၊ ဦးပိုင်အမှတ် ၂၂၂၂ မှ ၂၂၂၉ မြေကွက်ပေါ်ရှိအမျိုးသားသစ်အချောထည်စက်မှုလီမိတက်မှသစ်အခြေခံထုတ်ကုန်လုပ်ငန်းဆောင်ရွက်မည့်မြေနေရာနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏သဘောထားကို အောက်ပါအတိုင်းရရှိလာပါသည်-

(က) ယခုအသုံးပြုမည့်နေရာမှာပျဉ်းမနားမြို့၏တိုးချဲ့မြို့ကွက်သစ်နေရာတွင်လူနေထိုင်ရန်အတွက်ခွင့်ပြုထားသောမြေကွက်များပေါ်တွင်ဆောင်ရွက်မည်ဖြစ်သဖြင့်လူနေနည်းပါးသောနေရာဖြစ်၍ လုပ်ငန်းဆောင်ရွက်ခြင်းကိုကန့်ကွက်ရန်မရှိကြောင်း၊

(ခ) မြေကွက်များကိုဝယ်ယူသူမှာဦးကျော်ဝင်းဖြစ်ပြီး အမျိုးသားသစ်အချောထည်စက်မှုလီမိတက်မှ ဆောင်ရွက်မည်ဖြစ်သဖြင့်ပိုင်ဆိုင်မှုရှင်းလင်းမှသာ ခွင့်ပြုသင့်ကြောင်း။

၂။ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ပေးပို့ထားသည့်အဆိုပြုလွှာအမှုတွဲများတွင်ဦးကျော်စင်းမှာအမျိုးသားသစ်အချောထည်စက်မှုလီမိတက်၏ ဒါရိုက်တာတစ်ဦးဖြစ်ပြီး ဦးကျော်စင်းနှင့်အမျိုးသားသစ်အချောထည်စက်မှုလီမိတက်တို့ မြေငှါး ၊ သဘောတူညီမှုစာချုပ်မူကြမ်းများအရ မြေငှါးရမ်း ဆောင်ရွက်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၃။ မြေအသုံးပြုမှုနှင့်ပတ်သက်၍ဦးစီးဌာနအနေဖြင့်ကန့်ကွက်ရန် မရှိကြောင်းနှင့်လုပ်ငန်း ဆောင်ရွက်မှုမရှိသေးကြောင်း ပြန်ကြားအစီရင်ပါသည်။

၁၄.၃.၂၀၀၀

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
(တင်လှိုင် ၊ ညွှန်ကြားရေးမှူး)

မိတ္တူကို –

(၁) ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး ၊
(၂) လက်ခံ၊
(၃) မျှော။

တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
မန္တလေး တိုင်း ၊ မန္တလေး တိုင်း
စာအမှတ် ၊ ၅ / ၄၃ - ၂၆၀ / ဦး ၆
ရက်စွဲ ၊ ၂၀၀၀ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
(၆၅၃ / ၆၉၁) ၊ကုန်သည်လမ်း
ရန်ကုန်မြို့

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံထားခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၉ - ၁၁ - ၉၉)ရက်စွဲပါ စာအမှတ် ၊ ရက - ၁ /မ-၄၉၂ /၉၉ (၆၄၁၀-င)

၁။ အမျိုးသားသစ်အချောထည်စက်မှု လီမိတက်သည် မန္တလေးတိုင်း ၊ပျဉ်းမနားမြို့နယ် ၊ရွာကောက်ရပ်ကွက် ၊(၂၆ × ၂၇)ကြား ၊(ငုဝါလမ်းနှင့်နှင်းဆီလမ်း)ကြား ၊အကွက်အမှတ် နှင့်အမည် (၃၂/ပေါင်းလောင်း)(၂) ဦးပိုင်အမှတ် (၂၂၂၂ ၊၂၂၂၃ ၊၂၂၃၀ ၊၂၂၃၁)နှင့် ဦးပိုင်အမှတ် (၂၂၂၄ ၊၂၂၂၅ ၊၂၂၂၆ ၊၂၂၂၇ ၊၂၂၂၈၊၂၂၂၉) တို့တွင် သစ်အခြေခံထုတ်ကုန်များ ထုတ်လုပ်ရန်အတွက် လျှောက်ထားခြင်းနှင့်ပါတ်သက်၍ ရည်ညွှန်းပါစာဖြင့် သဘောထားမှတ်ချက် တောင်းခံထားပါသည်။

၂။ အဆိုပါမြေနေရာအား ရမည်းသင်း ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပြီး စစ်ဆေးခဲ့ရာ လက်ရှိ အခြေအနေတွင် ဝင်းခြံကာရံထား၍ လုပ်ငန်းစတင်နိုင်ရန်အတွက် လိုအပ်သောပစ္စည်းများ အသင့်စုဆောင်းထားရှိသည်ကို တွေ့ရှိရပြီး ၊လက်ရှိလုပ်ငန်းလုပ်ကိုင်ခြင်း မရှိသေးကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၃။ အဆိုပါကိစ္စနှင့် ပါတ်သက်၍ ပူးတွဲပါရှိသောစာရွက်စာတမ်းများကို စီစစ်ရာတွင် လုပ်ငန်းဆောင်ရွက်လိုသည့် မြေကွက်များကို ဂရန်လျှောက်ထားရယူထားသူမှာ ဦးကျော်ဝင်းဖြစ်ပြီး ၊မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ လျှောက်ထားသူမှာ အမျိုးသားသစ်အချောထည်စက်မှုလီမိတက် ဖြစ်ကြောင်းတွေ့ရှိရပါသည်။ ဦးကျော်ဝင်းသည် ယင်းလီမိတက်၏ မည်သည့်တာဝန်ဟု မတွေ့ရှိရပါ။

၄။ သို့ဖြစ်ပါ၍ ယခုကိစ္စတွင် နေရာနှင့် ပါတ်သက်ပြီး ကန့်ကွက်ရန်မရှိသော်လည်း မြေဂရန်ရထားသော ဦးကျော်ဝင်း နှင့် လျှောက်ထားသည့် အမျိုးသားသစ်အချောထည် စက်မှုလီမိတက်တို့ ဆက်စပ်မှုမှာ ပေါ်လွင်မှုမရှိသောကြောင့် ပိုင်ဆိုင်လုပ်ကိုင်မှု ရှင်းလင်းရေးကို စီစစ်ပြီးမှသာ ခွင့်ပြုသင့်ပါကြောင်း (၂၀ - ၂ - ၂၀၀၀) ရက်နေ့တွင် ပြုလုပ်သော မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေး အမှတ်စဉ် (၉ / ၂၀၀၀) ဆုံးဖြတ်ချက်အရ ပြန်ကြားအပ်ပါသည်။

ဥက္ကဋ္ဌ (ကိုယ်စား)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန
(အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)

စာအမှတ်၊ ၂၀၀ / ၁-၁၃ / ဦး ၁
ရက်စွဲ၊ ၂၀၀၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၉ ရက်

သို့

ညွှန်ကြားရေးမှူးချုပ်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး၏ ၉-၁၁-၉၉ နေ့စွဲပါစာအမှတ်၊ ရက-၁/မ-၄၉၂/ ၉၉(၆၄၁၀-ယ)၊

၁။ မန္တလေးတိုင်း၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ အကွက်အမှတ် ၃၂၊ ဦးပိုင်အမှတ် ၂၂၂၂ မှ ၂၂၂၉ မြေကွက်ပေါ်ရှိ အမျိုးသားသစ်အရွှေသည့်စက်မှုလီမိတက်မှ သစ်အခြေခံထုတ်ကုန်လုပ်ငန်းဆောင်ရွက်ရန် အတွက်လုပ်ငန်းဆောင်ရွက်မည့်မြေနေရာနှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက် တောင်းခံလာခြင်းအပေါ် ဦးစီးဌာနအနေဖြင့် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏သဘောထားမှတ်ချက်ရယူပြီး ပြန်ကြားပေးနိုင်ရန်အတွက် မန္တလေးတိုင်းသို့အကြိမ်ကြိမ်စာထုတ်၍ ဆော်ဩလျက်ရှိပါသည်။ ဖုန်းဖြင့်လည်း ဆက်သွယ်၍အမြန်ပြန်ကြားရန်လမ်းညွှန်ထားပါသည်။ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏သဘောထားကို ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသို့တင်ပြပြီးဖြစ်ကြောင်းနှင့် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏သဘောထား ရရှိသည်နှင့် တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသို့ဆက်လက်တင်ပြနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း ဆက်သွယ်သိရှိရပါသည်။

၂။ တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏သဘောထား ရရှိသည့်အခါတွင်၎င်းဦးစီးဌာန၏သဘောထားမှတ်ချက်ကိုအမြန်ဆုံးပြန်ကြားပေးမည်ဖြစ်ပါကြောင်း ပြန်ကြားအပ်ပါသည်။

၉.၂.၂၀၀၀

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
(တင်မြိုင်၊ ညွှန်ကြားရေးမှူး)

မိတ္တူကို –

(၁) ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊

(၂) လက်ခံ၊

(၃) မျှော။

ဝ မိး / ၆ * ၂

4456
23/12

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ

သစ်တောရေးရာ ဝန်ကြီးဌာန

ဝန်ကြီးရုံး

စာအမှတ်၊ ၂/၂၃၀(င)(၄)/(၂၇၆ / ၉၉)
ရက်စွဲ၊ ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်

အကြောင်းအရာ။ အမျိုးသား သစ်အချောထည် စက်မှုလီမိတက်မှ စက်ရုံ တည်ဆောက်၍ သစ်အခြေခံထုတ်ကုန်များ ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်လိုခြင်း အပေါ် သဘောထားမှတ်ချက် ပြန်ကြားခြင်း

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ - ၉-၁၁-၉၉ ရက်စွဲပါစာအမှတ်၊ ရက-၁/မ-၄၉၂/၉၉(၆၄၁၀-၀)

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့တင်ပြလျှောက်ထားလာသော အမျိုးသားသစ်အချောထည်စက်မှုလီမိတက်မှ မန္တလေးတိုင်း၊ ပျဉ်းမနားမြို့နယ်တွင် စက်ရုံတည်ဆောက်၍ သစ်အခြေခံကုန်ချောများ ထုတ်လုပ်လိုခြင်းကိစ္စနှင့်ပတ်သက်၍ ဤဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ကို ပြန်ကြားအပ်ပါသည်။

၂။ သစ်တောရေးရာဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းမှ အမျိုးသားသစ်အချောထည်စက်မှုလီမိတက်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံစိစစ်ချက်အရ၊ နှစ်စဉ်လိုအပ်သည့်ကုန်ကြမ်းဖြစ်သည့်ကျွန်းသစ်လုံး (၁၀၀၀) တန်ကို မြန်မာ့သစ်လုပ်ငန်းမှတင်ဒါစနစ်ဖြင့် ရောင်းချသည့်အခါတွင်လည်းကောင်း၊ သစ်မာ၊ အခြားသားသစ်လုံး တန် (၆၀၀၀) ကိုသစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက်နှင့်အခြားတရားဝင်သစ်ထုတ်လုပ်ခွင့်ရရှိထားသော ပုဂ္ဂလိကလုပ်ငန်းရှင်များထံတွင်လည်းကောင်း ဝယ်ယူသွားမည်ဖြစ်ကြောင်းနှင့်ထွက်ရှိလာသောကုန်ချောများ၏ (၇၅%) ကိုပြည်ပသို့တင်ပို့ပြီး ကျန် (၂၅%) ကို ပြည်တွင်းတွင်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

၃။ သို့ရာတွင် မြန်မာ့သစ်လုပ်ငန်း မှသတ်မှတ်ထားသည့်စည်းကမ်းချက်မှာ သစ်အခြေခံလုပ်ငန်းများ၌ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့်ပြည်တွင်း / ပြည်ပကုမ္ပဏီများသို့ကုန်ကြမ်းသစ်လုံး တန်ချိန်ပမာဏကိုအများဆုံး တစ်နှစ်လျှင်ကျွန်း နှင့် သစ်မာ နှစ်မျိုး ပေါင်း တန် (၆၀၀၀) အထိသာ ခွင့်ပြုမည်ဖြစ်ရာ၊ ယခုတင်ပြသည့်ကုမ္ပဏီမှာ ကုန်ကြမ်း အဖြစ်စုစုပေါင်း သစ်လုံး တန် (၇၀၀၀) လိုအပ်မည်ဖြစ် ကြောင်းဖော်ပြထား ပါသဖြင့် ဤဝန်ကြီး ဌာနမှ သတ်မှတ်ထား ချက်အရဆိုလျှင်ကုန်ကြမ်းတန် (၁၀၀၀) လိုအပ်မည်ဖြစ်ပါသည်။

၄။ ထို့ပြင်သစ်တောရေး ရာဝန်ကြီး ဌာန၊ မြန်မာ့သစ်လုပ်ငန်းအနေဖြင့် သစ်အခြေခံလုပ်ငန်းများ၌ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့်ကုမ္ပဏီများသို့ကျွန်းသစ်လုံး များကိုအမေရိကန်ဒေါ်လာဖြင့်သာတင်ဒါစျေးနှုန်း အတိုင်း ရောင်းချပေးပြီး၊ သစ်မာသစ်လုံး ကုန်ကြမ်းများ ကိုမူမြန်မာ့သစ်လုပ်ငန်း နှင့်သစ်တောထွက် ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်း လီမိတက်တို့ထံမှဝယ်ယူနိုင်ပြီး ၊ အဆိုပါကုန်ကြမ်း များ မှ ထွက်ရှိသောကုန်ချောပစ္စည်း များ ကိုသာပြည်ပသို့တင်ပို့ရောင်း ချခွင့်ပြု နိုင်မည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်သို့တင်ပြ လျှောက်ထား လာသည့်အမျိုးသား သစ်အချောထည်စက်မှုလီမိတက်မှ စက်ရုံတည် ဆောက်၍သစ်အခြေခံ ထုတ်ကုန်များ ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်လိုခြင်း အပေါ်အထက်ဖော်ပြ ပါ သစ်တောရေး ရာဝန်ကြီး ဌာနမှသတ်မှတ်ထား သည့်စည်း ကမ်း ချက်များ အတိုင်း ဆောင်ရွက်သွား မည်ဆိုပါကကန့်ကွက်ရန်မရှိပါကြောင်း ပြန်ကြား အပ်ပါသည်။

ဒုတိယဝန်ကြီး (ကိုယ်စား)
(မြင့်ဦး ၊ ခေတ္တရုံး အဖွဲ့မှူး)

မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်

မိတ္တူ - မြန်မာ့သစ်လုပ်ငန်း ။

ကြည်/-၂၂၁၅၀၀

၂၁.၂.၂၀၀၀ ၄/၂၀၀၀ MIC

၄။ အမျိုးသားသစ်အချောထည်စက်မှုလီမိတက် (National Wood Industry Ltd.) တည်ဆောက်၍သစ်အခြေခံစက်မှုလုပ်ငန်း (သစ်အချောထည်များ ထုတ်လုပ်ဖြန့်ဖြူးခြင်း) ဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်း ကိစ္စ။

ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သီဂီတင်မှအဆိုပြုလုပ်ငန်း၏ ငွေကြေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာအချက်အလက်များ အား ရှင်းလင်းပြီး လုပ်ငန်းဆောင်ရွက်ရန်အတွက်သစ်တောရေးရာဝန်ကြီး ဌာနမှကန့်ကွက်ရန်မရှိကြောင်း ၊ သဘောထားရရှိပြီး ဖြစ်ပြီး မန္တလေးတိုင်း အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေး ကောင်စီနှင့်အထွေထွေအုပ်ချုပ်ရေး ဦးစီး ဌာနတို့မှသဘောထား များ တောင်းခံထားဆဲဖြစ်ကြောင်း ရှင်းလင်းတင်ပြပါသည်။

ကော်မရှင်အစည်းအဝေးမှအဆိုပြုလုပ်ငန်းဆောင်ရွက်ရန် မူအားဖြင့်သဘောတူ၍ မန္တလေးတိုင်း အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုး ရေး ကောင်စီ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီး ဌာနတို့၏သဘောထားရရှိရေး အမြန်ဆောင်ရွက်ပြီး သဘောထားရရှိပါက ကုန်သွယ်မှုမူဝါဒ ကောင်စီအစည်းအဝေး သို့ဆက်လက်တင်ပြသွားရန်ဆုံးဖြတ်ပါသည်။

၄	အမျိုးသားသစ်အချောထည်စက်မှုလီမိတက် (National Wood Industry Ltd.) တည်ဆောက်၍ သစ်အခြေခံစက်မှုလုပ်ငန်း (သစ်အချောထည်များ ထုတ်လုပ်ဖြန့်ဖြူးခြင်း) ဆောင်ရွက်ရန် အဆိုပြုတင်ပြခြင်းကိစ္စ။ ဆုံးဖြတ်ချက်။ - အဆိုပြုလုပ်ငန်းဆောင်ရွက်ရန် မူအားဖြင့်သဘောတူ၍ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သဘောထားရရှိရေး အမြန်ဆောင်ရွက်ရန်။ - သဘောထားရရှိပါက ကုန်သွယ်မှုမူဝါဒကောင်စီအစည်းအဝေးသို့ ဆက်လက်တင်ပြရန်။	မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံ မှုကော်မရှင် မန်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

၆၅၃ / ၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

Fax: 095-01- 282101

တယ်လီဖုန်း - ၂၇၂၉၁၂၊ ၂၇၂၁၅၉၊ ၂၇၂၃၉၁။

စာအမှတ် ၊ ရက-၁/မ-သဘောတား/၉၉ (၁၁၃၉၈ (၃))

ရက်စွဲ ၊ ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၄ ရက်။

အကြောင်းအရာ။ သဘောထားမှတ်ချက် တောင်းခံခြင်းကိစ္စ။

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏

(၁) ၂၆-၈-၉၉ ရက်စွဲပါ စာအမှတ်၊ ရက-၁/မ-၄၄၁/၉၉ (၄၆၃၄)

(၂) ၉-၁၁-၉၉ ရက်စွဲပါ စာအမှတ်၊ ရက-၁/မ-၄၉၂/၉၉ (၆၄၁၀-ဃ)

(၃) ၁၀-၁၁-၉၉ ရက်စွဲပါစာအမှတ်၊ ရက-၁/မ-၄၄၁/၉၉(၆၄၁၅)

၁။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ အောက်ဖော်ပြပါ ကုမ္ပဏီများမှ လုပ်ငန်းဆောင်ရွက်မည့် မြေနေရာများနှင့် စပ်လျဉ်း၍ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနသို့ အထက်ရည်ညွှန်းချက်ပါ စာများဖြင့် သဘောထား မှတ်ချက်များ တောင်းခံခဲ့ပါသည်။

ကုမ္ပဏီအမည်		လုပ်ငန်းအမျိုးအစား/တည်နေရာ
(က) ကလပ်(စ်) ဝမ်း ဟိုတယ် ကုမ္ပဏီ လီမိတက်	-	နိုင်ငံတကာအဆင့်မီ ဟိုတယ်လုပ်ငန်း (ညောင်ဦးမြို့နယ်၊ ကျွန်စစ်သားရပ်ကွက်)
(ခ) အမျိုးသား သစ်အချောထည်စက်မှု လီမိတက်	-	သစ်အခြေခံ စက်မှုလုပ်ငန်း (ပျဉ်းမနားမြို့နယ်၊ ရွာဂေါက်ရပ်ကွက်)

၂။ သို့ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်း/ ဌာနဆိုင်ရာများမှ သဘောထားမှတ်ချက်များ ပြန်ကြားလာခြင်း မရှိသေးပါသဖြင့် အဆိုပါ သဘောထားမှတ်ချက်များကို ဆောလျင်စွာ ပြန်ကြားပေးပါရန် အကြောင်းကြားပါသည်။

(ဦးသောင်း)

ဥက္ကဋ္ဌ

ဝန်ကြီး

ပြည်ထဲရေး ဝန်ကြီးဌာန။

မိတ္တူ - ညွှန်ကြားရေးမှူးချုပ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

၆၅၃ / ၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

Fax: 095-01- 282101

တယ်လီဖုန်း - ၂၇၂၉၁၂၊ ၂၇၂၁၅၈၊ ၂၇၂၄၉၁။

စာအမှတ် ၇က-၁/မ-၄၆၂/၉၉(၆၇၁၀-ဃ)၊

ရက်စွဲ၊ ၁၉၉၉ ခုနှစ်၊ [illegible] နိုဝင်ဘာလ ၉ ရက်။

အကြောင်းအရာ။ ။ <u>သဘောထားမှတ်ချက် တောင်းခံခြင်းကိစ္စ။</u>

ရည်ညွှန်းချက်။ ။ အမျိုးသားသစ်အချောထည်စက်မှုလီမိတက်၏ ၂၇-၁၀-၉၉ နေ့စွဲပါစာ။

၁။ အမျိုးသားသစ်အချောထည်စက်မှုလီမိတက်သည် မန္တလေးတိုင်း၊ပျဉ်းမနားမြို့နယ်၊ ရွာတောက်ရပ်ကွက် ၂ ဖလမ်းနှင့် ၂၇လမ်းကြား၊ ၄ ပါလမ်းနှင့်ပိန်းဘီလမ်းကြား အကွက်အမှတ်နှင့်အမည် - ၃၂/ပေါင်းလောင်း(၂)၊ ဦးပိုင်အမှတ် (၂၂၂၂၊၂၂၂၃၊၂၂၃၀၊ ၂၂၃၁) နှင့်ဦးပိုင်အမှတ် (၂၂၂၄၊၂၂၂၅၊၂၂၂၆၊၂၂၂၇၊၂၂၂၈၊၂၂၂၉) တို့တွင် သစ်အခြေခံထုတ်ကုန်များ ထုတ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အထက်ရည်ညွှန်းပါစာဖြင့် ကော်မရှင်သို့ တင်ပြလျှောက်ထားလာပါသည်။ (ပူးတွဲ)

၂။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများအခန်း(၃)၊ အပိုဒ် ၁၁ ပါ ပြဋ္ဌာန်းချက်နှင့်အညီ အဆိုပြုချက်ကို စိစစ်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ သဘောထားများကို တောင်းခံရယူရန် လိုအပ်ပါသဖြင့် အဆိုပြုချက်ပါလုပ်ငန်းဆောင်ရွက်မည့်မြေနေရာနှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက်ပြန်ကြားပေးပါရန်နှင့် ယင်းမြေနေရာတွင် အဆိုပြုလုပ်ငန်းဆောင်ရွက်နေခြင်းရှိ-မရှိကိုပါ စိစစ်ပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ပူးတွဲ - (၁) အဆိုပြုချက်၊
- (၂) မြေအထောက်အထား။

တွဲဖက်အတွင်းရေးမှူး(ကိုယ်စား)
[စိုးဝင်း ၊ ညွှန်ကြားရေးမှူး]

<u>ညွှန်ကြားရေးမှူးချုပ်</u>
<u>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။</u>

မိတ္တူကို - ခရိုင်အုပ်ချုပ်ရေးမှူး
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့။

* စိန် ၃-၁၁-၉၉။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

၆၅၃ / ၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

Fax: 095-01- 282101 တယ်လီဖုန်း – ၂၇၂၈၁၂၊ ၂၇၂၁၅၉၊ ၂၇၂၃၈၁။

စာအမှတ် ၊ ရက–၁/မ–သဘောထား/၉၉ (၁၁၃၁၅–ဂ)

ရက်စွဲ ၊ ၂၀၀၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်။

သို့

ဗိုလ်ချုပ် ရဲမြင့်

ဥက္ကဋ္ဌ

မန္တလေးတိုင်း အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ

အကြောင်းအရာ။ <u>သဘောထားမှတ်ချက် တောင်းခံခြင်းကိစ္စ။</u>

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏
(၁) ၉–၁၁–၉၉ ရက်စွဲပါ စာအမှတ်၊ ရက–၁/မ–၄၉၂/၉၉ (၆၄၁၀–င)
(၂) ၂၅–၁၁–၉၉ ရက်စွဲပါ စာအမှတ်၊ ရက–၁/မ–၅၀၈/၉၉ (၈၉၈၄)
(၃) ၁၄–၁–၂၀၀၀ ရက်စွဲပါ စာအမှတ်၊ ရက–၁/မ–သဘောထား/၉၉ (၁၁၃၉၆–ဃ)

၁။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ အောက်ဖော်ပြပါ ကုမ္ပဏီများမှ လုပ်ငန်းဆောင်ရွက်မည့် မြေနေရာများနှင့် စပ်လျဉ်း၍ မန္တလေးတိုင်း အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ သို့ အထက် ရည်ညွှန်းချက်ပါ စာများဖြင့် သဘောထားမှတ်ချက်များ တောင်းခံခဲ့ပါသည်။

	ကုမ္ပဏီအမည်		လုပ်ငန်းအမျိုးအစား/တည်နေရာ
(က)	အမျိုးသား သစ်အချောထည် စက်မှု လီမိတက်	–	သစ်အခြေခံ စက်မှုလုပ်ငန်း (ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်)
(ခ)	အာသောက ဟိုတယ် ကုမ္ပဏီ လီမိတက်	–	ဟိုတယ်လုပ်ငန်း (ညောင်ဦးမြို့နယ်၊ကျွန်စစ်သားရပ်ကွက်)

၂။ သို့ရာတွင်သက်ဆိုင်ရာအဖွဲ့အစည်း/ ဌာနဆိုင်ရာများမှ သဘောထားမှတ်ချက်များ ပြန်ကြားလာခြင်း မရှိသေးပါသဖြင့် အဆိုပါ သဘောထားမှတ်ချက်များကို <u>ဆောလျင်စွာ</u> ပြန်ကြားပေးပါရန် ညှိနှိုင်းမေတ္တာရပ်ခံ တင်ပြအပ်ပါသည်။

(ဦးသောင်း)

ဥက္ကဋ္ဌ

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

၆၅၃ / ၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

Fax: 095-01-282101

တယ်လီဖုန်း - ၂၇၂၉၁၂၊ ၂၇၂၁၅၉၊ ၂၇၂၃၉၁။

စာအမှတ် ၊ ရက-၁/မ-သဘောထား/၉၉ (၁၁၃၉(၉၁))

ရက်စွဲ ၊ ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၄ ရက်။

အကြောင်းအရာ။ သဘောထားမှတ်ချက် တောင်းခံခြင်းကိစ္စ။

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏

(၁) ၂၅-၁၀-၉၉ ရက်စွဲပါ စာအမှတ်၊ ရက-၁/မ-၄၈၉/၉၉ (၆၀၇၀-က)

(၂) ၉-၁၁-၉၉ ရက်စွဲပါ စာအမှတ်၊ ရက-၁/မ-၄၉၂/၉၉ (၆၄၁၀-ခ)

(၃) ၂၅-၁၁-၉၉ ရက်စွဲပါ စာအမှတ်၊ ရက-၁/မ-၅၀၈/၉၉ (၈၉၇၄)

၁။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ အောက်ဖော်ပြပါ ကုမ္ပဏီများမှ လုပ်ငန်းဆောင်ရွက်မည့် မြေနေရာများနှင့် စပ်လျဉ်း၍ မန္တလေးတိုင်း အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးသို့ အကြောင်း ရည်ညွှန်းချက်ပါ စာများဖြင့် သဘောထားမှတ်ချက်များ တောင်းခံခဲ့ပါသည်။

ကုမ္ပဏီအမည်		လုပ်ငန်းအမျိုးအစား/တည်နေရာ
(က) မင်းသပြေ ကုမ္ပဏီ လီမိတက်	-	Japan Cucumber, Ginger and Bamboo Shoot တို့ကို ဆားရည် စိမ်ပြီး အဆင့်အတန်းမြှင့် ထုပ်ပိုးခြင်း (ပြင်ဦးလွင်မြို့နယ်၊ အနီးစခန်းကွင်း)
(ခ) အမျိုးသား သစ်အချောထည် စက်မှု လီမိတက်	-	သစ်အခြေခံ စက်မှုလုပ်ငန်း (ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်)
(ဂ) အာသောက ဟိုတယ် ကုမ္ပဏီ လီမိတက်	-	ဟိုတယ်လုပ်ငန်း (ညောင်ဦးမြို့နယ်၊ကျုန်စစ်သားရပ်ကွက်)

၂။ သို့ရာတွင်သက်ဆိုင်ရာအဖွဲ့အစည်း/ ဌာနဆိုင်ရာများမှ သဘောထားမှတ်ချက်များ ပြန်ကြားလာခြင်း မရှိသေးပါသဖြင့် အဆိုပါ သဘောထားမှတ်ချက်များကို ဆောလျင်စွာ ပြန်ကြားပေးပါရန် တင်ပြ အပ် ပါသည်။

(ဦးသောင်း)

ဥက္ကဋ္ဌ

ဥက္ကဋ္ဌ

မန္တလေးတိုင်း အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
၆၅၃ / ၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

Fax: 095-01-282101

တယ်လီဖုန်း - ၂၇၂၈၁၂၊ ၂၇၂၁၅၈၊ ၂၇၂၃၉၁။

စာအမှတ် ရက - ၁ / မ - ၄၆၂ / ၉၉ (၆၃၁၀-၄)

ရက်စွဲ၊ ၁၉၉၉ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်

အကြောင်းအရာ။ ။ <u>သဘောတူ မှတ်ချက် တောင်းခံခြင်း ကိစ္စ။</u>

ရည်ညွှန်းချက်။ ။ အမျိုးသား သစ်အချောထည် စက်မှုလီမိတက်၏ ၂၇-၁၀-၉၉ နေ့စွဲပါစာ။

၁။ အမျိုးသား သစ်အချောထည် စက်မှုလီမိတက်သည် မန္တလေး တိုင်း၊ ပျဉ်းမနား မြို့နယ်၊ ရွာ ကောက်ရပ်ကွက် ၂၆လမ်း နှင့် ၂၇လမ်း ကြား ရှဝါလမ်း နှင့် နှင်းဆီလမ်း ကြား အကွက်အမှတ် နှင့်အမည် - ၃၂/ ပေါင်း လောင်း (၂) ဦး ပိုင်အမှတ် ၊ (၂၂၂၂၊ ၂၂၂၃၊ ၂၂၃၀၊ ၂၂၃၁) နှင့်ဦး ပိုင်အမှတ်(၂၂၂၄၊ ၂၂၂၅၊ ၂၂၂၆၊ ၂၂၂၇၊ ၂၂၂၈၊ ၂၂၂၉) တို့တွင်သစ်အချောထည်ထုတ်ကုန် များ ထုတ်လုပ်ခြင်း လုပ်ငန်း ကိုမြန်မာ နိုင်ငံသား များ ရင်း နှီး မြှုပ်နှံ မှုဥပဒေ နှင့်အညီ ဆောင်ရွက် ခွင့်ပြုပါရန်အတွက် ရည်ညွှန်း ပါစာဖြင့် ကော်မရှင်သို့တင်ပြ လျှောက်ထားလာပါသည်။ (မူးတွဲ)

၂။ မြန်မာနိုင်ငံသား များ ရင်း နှီး မြှုပ်နှံ မှုဥပဒေဆိုင်ရာလုပ်ထုံး လုပ်နည်း များ အခန်း (၃) အပိုဒ် ၁၀ ပါပြဋ္ဌာန်း ချက် နှင့်အညီအဆိုပြုချက်ကို စိစစ်ရာ တွင်သက်ဆိုင်ရာအဖွဲ့အစည်း များ ၏သဘောထား များ ကို တောင်း ခံရယူရန်လိုအပ် ပါသဖြင့်အဆိုပြုလုပ်ငန်း ကို ဖော်ပြပါမြေ နေရာတွင် ဆောင်ရွက်ရန် နှင့်စပ်လျဉ်း၍ သဘောထား မှတ်ချက်ပြန်ကြား ပေး ပါရန် နှင့်အဆိုပါမြေ နေရာတွင်လုပ်ငန်း ဆောင်ရွက် နေခြင်း ရှိ - မရှိစိစစ်ပြန်ကြား ပေး ပါရန်ညှိနှိုင်း မေတ္တာရပ်ခံအပ်ပါသည်။

ပူး တွဲ၊ - (၁) အဆိုပြုချက်
(၂) မြေအ ထောက်အထား

တွဲဖက်အတွင်း ရေး မှူး (ကိုယ်စား)
(ဇီဇီဝင်း ၊ ညွှန်ကြား ရေး မှူး)

<u>မန္တလေး တိုင်း အေး ချမ်း သာယာ ရေး နှင့်ဖွံ့ဖြိုး ရေး</u>
<u>ကောင်စီရုံး ။</u>

